## We share, respect and value equal participation and representation - တို့အားလုံး ဒီလိုပါဝင်လို့ ကိုယ်စားပြုလုပ်ဆောင်ကြတယ်











တစ်ခါတစ်ရံ အမျိုးသမီးများသည် အိမ်တွင်းမှုနှင့် ကလေးသူငယ် ပြုစုရေးအပြင် အခြားသော ဝင်ငွေရ လုပ်ငန်းများနှင့်လည်း အချိန်ကုန်နေကြရသောကြောင့် စီမံကိန်းရှိ အရေးကြီးသော ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရန် ခက်ခဲနေပေလိမ့်မည်။

ထို့ကြောင့် အမျိုးသမီးများ ပါဝင်လာနိုင်ရန် နေရာ ဖန်တီးပေးထားခြင်း၊ အထူးလုပ်ဆောင်ပေးထားခြင်း၊ အမျိုးသား/အမျိုးသမီးကြား အိမ်တွင်း/အိမ်ပြင် တာဝန်ခွဲဝေခြင်း၊ အပြန်အလှန် လေးစားခြင်းများ ထားရှိမှသာလျှင် အမျိုးသမီး ခေါင်းဆောင်များ ပိုမိုထွက်ပေါ်လာနိုင်မည်။ ထိုသို့ ဖြစ်လာရန် လူထုဗဟိုပြုစီမံကိန်းက ဆောင်ရွက်လျက်ရှိပါသည်။

## We share, respect and value of paid-works - တူညီသောအလုပ်အတွက် တူညီသောလုပ်ခ ခံစားခွင့်အပေါ် တန်ဖိုးထား မျှဝေကြတယ်










တစ်ခါတစ်ရံ အမျိုးသမီးများ လုပ်ဆောင်သော လုပ်ငန်းများသည် တန်ဖိုးနည်းသော လုပ်ငန်းများ ဖြစ်သည့်အပြင် အမျိုးသမီးများ လုပ်သည့်အတွက် လုပ်ခ ပို၍မပေးသင့် ဟူသော အစွဲများ၊ ယုံကြည်မှုများ ကိန်းအောင်းလျက် ရှိသည်။

မည်မျှပင်ခက်ခဲသောလုပ်ငန်း ဖြစ်စေကာမူ အမျိုးသမီးများ ပါဝင်လုပ်ကိုင်နိုင်အောင် စီစဉ်ပေးခြင်းများ၊ မိသားစုလုပ်ငန်းများ ထိခိုက်မှု မရှိအောင် ၎င်းတို့အတွက် အလုပ်ချိန် လျှော့ချပေးခြင်းများ၊ အမျိုးသားများနည်းတူ တန်းတူ အခွင့်အရေးပေးခြင်းများ၊ ၎င်းတို့ပါဝင်နိုင်သော လုပ်ငန်းမျိုး ဖန်တီးပေးခြင်းများကို လူထုဗဟိုပြု စီမံကိန်းက စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

**တူညီသောအလုပ်အတွက် ညီမျှသောလုပ်ခ ခံစားခွင့်ဆိုသည်မှာ တူညီသော အလုပ်အခြေအနေတွင် တူညီသောလုပ်အားခ ရရှိခြင်းကို ဆိုလိုခြင်း ဖြစ်သည်။**